
## လယ်ပဒူ

Scientific name - *Sphenoclea zeylanica* Gaertn.

Common name - Wedgewort

Family - Sphenocleaceae


အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံပင်မျိုးဖြစ်ပြီး အထက်သို့ ထောင်မတ်လျက်ပေါက်သည်။ ၇၀ - ၁၅၀ စင်တီမီတာ မြင့်သည်။ ကိုင်းများစွာ ဖြာထွက်သည်။ ပင်စည်သည် ထောင်မတ်၍ ချောမွတ်သောထုလုံးပုံခေါင်းပွဖြစ်ပြီး အဖြူရောင်အစေးပါရှိသည်။ အရွက်မှာ ရွက်ထီးတည်းဖြစ်၍ ပင်စည်ရိုးတံတစ်လျှောက် ခရုပတ်ပုံပေါက်နေသည်။ အရွက်မှာ ရွက်လွှဲထွက်ပြီး ရှည်မျော့မျော့ဖြစ်၍ ထိပ်ဘက်သွယ်သွားသည်။ ပန်းခိုင်သည် သပ်ပုံဖြစ်ပြီး ပန်းပွင့်လေးများ ထူထပ်စွာပါသည်။ ထိပ်ထွက်ပွင့်ညှာမဲ့ပန်းခိုင် ဖြစ်သည်။ ပန်းခိုင်ရိုးတံသည် ရှည်ပြီး ပန်းပွင့်များသည် အဖြူရောင်မှအစိမ်းရောင်အထိရှိပြီး တစ်ခါတစ်ရံ မီးခိုးရောင်ရှိသည်။ အသီးသည် လုံးဝန်းသောအက်ကွဲသီးဖြစ်သည်။ အသီးတွင် ဝါညိုရောင်အလွန်သေးငယ်သော အစေ့များစွာပါရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။